ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်
# သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန

ဧရာဝတီတိုင်းဒေသကြီး

## ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဆိုင်ရာနည်းဥပဒေများ

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၁၅

၁၃၇၆ ခုနှစ် ၊နယုန်လဆုပ် ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန် လ ၁၂ ရက် )

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာနသည် ဧရာဝတီတိုင်းဒေသကြီးဆားနှင့် ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ဧရာဝတီတိုင်းဒေသကြီး ဆားနှင့် ဆားထွက်ပစ္စည်းလုပ်ငန်း ဆိုင်ရာနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ဧရာဝတီတိုင်းဒေသကြီးဆားနှင့် ဆားထွက်ပစ္စည်းလုပ်ငန်း ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်း လုပ်ငန်းဥပဒေကို ဆိုသည်။

(ခ) **လုပ်ငန်း**ဆိုသည်မှာ ဆား၊ အိုင်အိုဒင်းဆား အပါအဝင်ဆားထွက်ပစ္စည်း များကို စီးပွားရေးအလို့ငှာ ထုတ်လုပ်သည့် လုပ်ငန်းကိုဆိုသည်။

(ဂ) **လိုင်စင်ရရှိသူ**ဆိုသည်မှာ ဆား၊ အိုင်အိုဒင်းဆားအပါအဝင် ဆားထွက်ပစ္စည်းများကို စီးပွားရေး လုပ်ငန်း အလို့ငှာ ထုတ်လုပ်ခွင့်ပြုကြောင်း မြန်မာ့ဆားလုပ်ငန်းက ထုတ်ပေးသည့် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဃ) **ဆားထုတ်မြေ**ဆိုသည်မှာ ဆားနယ်မြေတွင် ဆားနှင့်ဆားထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် မြန်မာ့ဆားလုပ်ငန်းက ခွင့်ပြုထားသော ဆားမြေကိုဆိုသည်။ ယင်းစကားရပ်တွင် သစ်တောကြိုးဝိုင်းများအတွင်း သစ်တောဦးစီးဌာန၏ ခွင့်ပြုမိန့်ဖြင့် လုပ်ဆောင်နေသော ဆားမြေများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆားထုတ်လုပ်ခွင့်ပြုရန် လျှောက်ထားဆဲ ဆားမြေများလည်း ပါဝင်သည်။

(င) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများနှင့်အတူ ပူးတွဲပါရှိသည့် ပုံစံများကိုဆိုသည်။ ယင်းစကားရပ်တွင် မြန်မာ့ဆားလုပ်ငန်းက အခါအားလျော်စွာ သတ်မှတ်သည့်ပုံစံများလည်း ပါဝင်သည်။

## အခန်း (၂)

## ဆား၊ အိုင်အိုဒင်းဆားအပါအဝင် ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့် လိုင်စင်လျှောက်ထားခြင်း

၃။ ဆား၊ အိုင်အိုဒင်းဆား အပါအဝင် ဆားထွက်ပစ္စည်း ထုတ်လုပ်ခွင့် လိုင်စင်လျှောက်ထားသူသည် -

(က) လုပ်ငန်းလုပ်ကိုင်မည့်နေရာသည် ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)အရ သတ်မှတ်ထားသည့်ဆားနယ်မြေအတွင်းရှိရမည်။ ဆားနယ်မြေအတွင်း မဟုတ်ပါက ဆား၊ အိုင်အိုဒင်းဆားအပါအဝင် ဆားထွက်ပစ္စည်းထုတ်လုပ် ရန်အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ရမည်။

(ခ) လုပ်ငန်းလုပ်ကိုင်မည့်နေရာအတွက် သက်ဆိုင်ရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ထုတ်ပေးသည့် မြေပုံကိုတင်ပြရမည်။

(ဂ) လုပ်ငန်းလုပ်ကိုင်မည့်နေရာကို ပိုင်ဆိုင်ကြောင်း သို့မဟုတ် ယင်းနေရာတွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရှိကြောင်း အထောက်အထားစာရွက်စာတမ်း တင်ပြရမည်။

(ဃ) မြန်မာ့ဆားလုပ်ငန်းမှ သတ်မှတ်သည့် လိုင်စင်ခပေးဆောင်သည့် ပြေစာကိုတင်ပြရမည်။

(င) ဆား၊ အိုင်အိုဒင်းဆား အပါအဝင်ဆားထွက်ပစ္စည်း ထုတ်လုပ်မည့် နည်းစနစ်ကို ဖော်ပြရမည်။

(စ) ထွက်ရှိလာမည့် ဆား၊ အိုင်အိုဒင်းဆား အပါအဝင် ဆားထွက်ပစ္စည်းကို သိုလှောင်ထားရှိနိုင်မည့် အဆောက်အဦရှိရမည်။

(ဆ) လုပ်ငန်းအတွက်လိုအပ်သော လုပ်သားအင်အားရှိရမည်။

(ဇ) လုပ်ငန်းအတွက်လိုအပ်သော စက်နှင့် စက်ပစ္စည်းများ လုံလောက်စွာရှိရမည်။

၄။ လုပ်ငန်းလုပ်ကိုင်လိုသူသည် ဌာန၊ အဖွဲ့အစည်းဖြစ်လျှင် ယင်းဌာန၊ အဖွဲ့အစည်း၏ တာဝန်ခံပုဂ္ဂိုလ်အမည်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဖြစ်လျှင် ယင်း၏အမည်ဖြင့်လည်းကောင်း လိုင်စင်ကိုလျှောက်ထားရမည်။

၅။ လိုင်စင်လျှောက်ထားသူသည် အောက်ပါလိုင်စင်အမျိုးအစားအလိုက် ယှဉ်တွဲဖော်ပြထားသော ပုံစံဖြင့် လျှောက်ထားရမည် -

| | |
|---|---|
| (က) ဆားထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ (၁) |
| (ခ) အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ (၂) |
| (ဂ) ဆားထွက်ပစ္စည်း ထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ (၃) |

၆။ လိုင်စင်လျှောက်ထားသူသည် ဆားထုတ်မြေသစ်တွင် လုပ်ကိုင်လိုပါက ဆားထုတ်ခွင့်လိုင်စင်ကို ပထမအကြိမ်အတွက် သက်တမ်း ၁ နှစ် မှ ၅ နှစ်အထိ တဆက်တည်းခွင့်ပြုရန် လျှောက်ထားခွင့်ရှိသည်။

၇။ ဆား၊ အိုင်အိုဒင်းဆားအပါအဝင် ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်သက်တမ်းကို ၁ နှစ် သတ်မှတ်သည်။

၈။ လိုင်စင်လျှောက်ထားသူသည် သက်ဆိုင်ရာလျှောက်လွှာ ပုံစံတွင်ပါရှိသော အချက်အလက်များ ပြည့်စုံစွာဖော်ပြပြီး သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး မန်နေဂျာ ထံ လျှောက်ထားရမည်။

၉။ တိုင်းဒေသကြီး မန်နေဂျာသည် လိုင်စင်လျှောက်လွှာကို လက်ခံရရှိလျှင် လျှောက်လွှာပါအကြောင်းအရာ၊ အချက် အလက်များမှန်ကန်ခြင်း ရှိ မရှိ၊ သတ်မှတ် ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ တင်ပြရန် စစ်ဆေးရေးအဖွဲ့အား တာဝန်ပေးအပ်နိုင်သည်။

၁၀။ သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့သည် လိုင်စင်လျှောက်လွှာပါ အကြောင်းအရာ၊ အချက်အလက်များ မှန်ကန်ခြင်း ရှိ မရှိ၊ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေးပြီး မိမိ၏ စစ်ဆေးတွေ့ရှိ ချက်ကို သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး မန်နေဂျာထံ ပြန်လည်တင်ပြရမည်။

၁၁။ တိုင်းဒေသကြီးမန်နေဂျာသည် လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရပါက ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုင်စင်ထုတ်ပေးရန် အမိန့်ချမှတ်နိုင်သည်။

၁၂။ တိုင်းဒေသကြီး မန်နေဂျာသည် သက်ဆိုင်ရာလိုင်စင်ကို အောက်ပါလိုင်စင်အမျိုးအစားအလိုက် ယှဉ်တွဲဖော်ပြ ထားသော ပုံစံဖြင့် လိုင်စင်စည်းကမ်းချက်များ ပူးတွဲလျှက် ထုတ်ပေးရမည် -

| | |
|---|---|
| (က) ဆားထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ (၄) |
| (ခ) အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ (၅) |
| (ဂ) ဆားထွက်ပစ္စည်း ထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ (၆) |

၁၃။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်အသစ်လဲလှယ်ရန် လျှောက်ထားရမည်။

၁၄။ တိုင်းဒေသကြီး မန်နေဂျာသည် လိုင်စင်ရရှိသူက လိုင်စင် အသစ်လဲလှယ်ရန် လျှောက်ထားလာသည့် ကိစ္စတွင် အငြင်းပွားမှုပေါ်ပေါက်လျှင် အောက်ပါ လုပ်ပိုင်ခွင့်များရှိသည် -

(က) ဆားထုတ်လုပ်မှုကျဆင်းခြင်း မရှိစေရေးအတွက် လက်ရှိလုပ်ကိုင်နေသူကို ကာလသတ်မှတ်၍ ယာယီ လုပ်ကိုင်ခွင့် ပြုနိုင်သည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရှိကြောင်း တရားဝင်အထောက်အထား တင်ပြလာပါက သက်ဆိုင်သူများကို ခေါ်ယူ တွေ့ဆုံမေးမြန်းပြီး ယင်းတို့၏သဘောတူညီချက်ဖြင့် လိုင်စင်လဲလှယ်ထုတ်ပေးနိုင်သည်။

(ဂ) အခြားသူအား လုပ်ငန်းလုပ်ကိုင်ခွင့်ကို လွှဲပြောင်းပေးရန် ဖြစ်ပါက ယာယီလုပ်ကိုင် ခွင့်ပြုထားသူကို လုပ်ငန်းတစ်ရာသီ ကုန်ဆုံးသည်အထိ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

## အခန်း (၃)

## ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း

၁၅။ ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့် လိုင်စင်လျှောက်ထားလိုသူသည် -

(က) ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်သည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ဌာနမှသတ်မှတ်ထားသော အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံစွာတင်ပြရမည်။

(ခ ) ဆားကြိတ်ခွဲသန့်စင် ထုတ်လုပ်သည့် လုပ်ငန်းအတွက် လိုအပ်သည့် ကြိတ်စက်၊ ဗဟိုခွါစက်နှင့် လုပ်ငန်းသုံး အခြားစက်များ ရှိပြီးဖြစ်ရမည်။

(ဂ ) လိုအပ်သော ဆားရည်သန့်စင်ကန် အရေအတွက်ရှိရမည်။

(ဃ) ကြိတ်ခွဲသန့်စင်သည့် ဆားကို သိုလှောင်ထားရှိနိုင်မည့် အဆောက်အဦရှိရမည်။

(င ) လုပ်ငန်းအတွက်လိုအပ်သော လုပ်သားအင်အားရှိရမည်။

၁၆။ လုပ်ငန်းလုပ်ကိုင်လိုသူသည် ဌာန၊ အဖွဲ့အစည်းဖြစ်လျှင် ယင်းဌာန၊အဖွဲ့အစည်း၏ တာဝန်ခံပုဂ္ဂိုလ်အမည်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဖြစ်လျှင် ယင်း၏အမည်ဖြင့်လည်းကောင်း လိုင်စင်ကို လျှောက်ထားရမည်။

၁၇။ လိုင်စင်လျှောက်ထားသူသည် လျှောက်လွှာပုံစံ(၇) တွင် ပါရှိသော အချက်အလက်များ ပြည့်စုံစွာဖော်ပြပြီး တိုင်းဒေသကြီး မန်နေဂျာထံ ပေးပို့လျှောက်ထားရမည်။

၁၈။ တိုင်းဒေသကြီးမန်နေဂျာသည် လျှောက်လွှာပုံစံ (၇)ကို လက်ခံရရှိလျှင် လျှောက်လွှာပါအကြောင်းအရာ အချက်အလက်များမှန်ကန်ခြင်း ရှိ မရှိ၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိမရှိ စစ်ဆေးတင်ပြရန် သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်နိုင်သည်။

၁၉။ သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့သည် လိုင်စင်လျှောက်လွှာပါ အကြောင်းအရာ အချက်အလက်များ မှန်ကန်ခြင်း ရှိမရှိ၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ၊ ကွင်းဆင်း စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်ကို သဘောထား မှတ်ချက်များဖြင့် တိုင်းဒေသကြီး မန်နေဂျာထံ ပြန်လည်တင်ပြရမည်။

၂၀။ တိုင်းဒေသကြီးမန်နေဂျာသည် လိုင်စင်လျှောက်ထား ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိပါက ဆားကြိတ်ခွဲသန့်စင် ထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးရန် အမိန့်ချမှတ်ပြီး ယင်း လိုင်စင်ကို ပုံစံ (၈)ဖြင့် လိုင်စင်စည်းကမ်းချက်များ ပူးတွဲလျှက် ထုတ်ပေးရမည်။

၂၁။ ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့် လိုင်စင်သက်တမ်းသည် တစ်နှစ်ဖြစ်သည်။

၂၂။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် နှစ်စဉ် မေလ(၃၁)ရက် နောက်ဆုံးထား၍ လိုင်စင်အသစ်လဲလှယ်ရန် လျှောက်ထားရမည်။

၂၃။ တိုင်းဒေသကြီးမန်နေဂျာသည် လိုင်စင်ရရှိသူက လိုင်စင်အသစ် လဲလှယ်ပေးရန် လျှောက်ထားလာသည့် ကိစ္စတွင် အငြင်းပွားမှုပေါ်ပေါက်လျှင် အောက်ပါ လုပ်ပိုင်ခွင့်များရှိသည် -

(က) ဆားထုတ်လုပ်မှုကျဆင်းခြင်း မရှိစေရေးအတွက် လက်ရှိလုပ်ကိုင်နေသူကို ကာလသတ်မှတ်၍ ယာယီ လုပ်ကိုင်ခွင့် ပြုနိုင်သည်။

(ခ ) လုပ်ငန်းလုပ်ကိုင်ခွင့်ရှိကြောင်း တရားဝင်အထောက်အထား တင်ပြလာပါက သက်ဆိုင်သူများကို ခေါ်ယူတွေ့ဆုံမေးမြန်းပြီး ယင်းတို့၏သဘောတူညီချက်ဖြင့် လိုင်စင်လဲလှယ်ထုတ်ပေးနိုင်သည်။

## အခန်း (၄)

## လိုင်စင်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

၂၄။ လိုင်စင်ရရှိသူသည် -

(က) မြန်မာ့ဆားလုပ်ငန်းမှ သတ်မှတ်သည့် လိုင်စင်ခ၊ လိုင်စင်အသစ်လဲလှယ်ကြေး၊ရက်လွန်ကြေးနှင့် ဒဏ်ကြေးတို့ကို ပေးဆောင်ရမည်။

(ခ) လိုင်စင်ပါစည်းကမ်းချက်များနှင့် မြန်မာ့ဆားလုပ်ငန်းက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) မြန်မာ့ဆားလုပ်ငန်းက အခါအားလျော်စွာ ညွှန်ကြားသည့် ထုတ်လုပ်မှုဆိုင်ရာ စာရင်းဇယားများနှင့်အညီ ပြုစုထားရှိရမည်။

(ဃ) လိုင်စင်သက်တမ်းမကုန်ဆုံးမီ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းရပ်စဲလိုလျှင် လုပ်ငန်းမရပ်စဲမီ တစ်လကြိုတင်၍မြန်မာ့ဆားလုပ်ငန်းသို့ တင်ပြရမည်။

(င) စစ်ဆေးရေးအဖွဲ့က မိမိလုပ်ငန်းကို လာရောက်စစ်ဆေးလျှင် စစ်ဆေးခြင်းကို ခံယူရမည်။

(စ) စစ်ဆေးရေးအဖွဲ့က တောင်းခံသော စာရင်းဇယားများကို ပေးအပ်ရမည်။

(ဆ) မိမိလုပ်ငန်းကို ကိုယ်တိုင်မလုပ်ကိုင်ဘဲ ကိုယ်စားလှယ် ဖြင့် လုပ်ကိုင်လိုပါက တိုင်းဒေသကြီးမန်နေဂျာ၏ ခွင့်ပြုမိန့် တောင်းခံရမည်။

(ဇ) ပြည်တွင်းချေးငွေများနှင့်အထောက်အပံ့ အကူအညီများကို မြန်မာ့ဆားလုပ်ငန်း၏ ထောက်ခံချက်ဖြင့် ရယူနိုင်သည်။

(ဈ) ဆား၊ အိုင်အိုဒင်းဆားအပါအဝင် ဆားထွက်ပစ္စည်းများ အရည်အသွေးအဆင့်မီစွာ ထုတ်လုပ်နိုင်ရေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်စေမည့် နည်းလမ်းများ ရရှိရေးအတွက် မြန်မာ့ဆားလုပ်ငန်းမှ နည်းပညာရယူနိုင်သည်။။

(ည) မိမိထုတ်လုပ်သော ဆား၊ အိုင်အိုဒင်းဆား အပါအဝင် ဆားထွက်ပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာ ရောင်းချ နိုင်သည်။

(ဋ) မိမိထုတ်လုပ်သော ဆား၊အိုင်အိုဒင်းဆားအပါအဝင် ဆားထွက်ပစ္စည်းများကို မြန်မာ့ဆားလုပ်ငန်းက သတ်မှတ် သည့် အရည်အသွေးနှင့် ညီညွတ်ပါက သတ်မှတ်ချက် များနှင့်အညီ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်။

## အခန်း (၅)

## လိုင်စင်ခ၊ လိုင်စင်အသစ်လဲလှယ်ကြေး၊ ရက်လွန်ကြေးများသတ်မှတ်ခြင်း

၂၅။ တိုင်းဒေသကြီးမန်နေဂျာသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လိုင်စင်ခကို သတ်မှတ် ကောက်ခံနိုင်သည်။

၂၆။ တိုင်းဒေသကြီးမန်နေဂျာသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့်ကောက်ခံရမည့် လိုင်စင်ခကို လုပ်ငန်းတည်ရှိရာ နေရာဒေသအလိုက် ခွဲခြားသတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင် သတ်မှတ်ခြင်း ပြုနိုင်သည်။

၂၇။ တိုင်းဒေသကြီးမန်နေဂျာသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် မူလသတ်မှတ်သည့် လိုင်စင်ခများနှင့် စပ်လျဉ်း၍ အောက်ပါအကြောင်း အချက်များ ပေါ်ပေါက်ပါက ထုတ်လုပ်မှုတိုးတက်ရေးကို အထောက်အကူ ဖြစ်စေရန်လည်းကောင်း၊ လိုင်စင်ရရှိ သူများ နစ်နာမှုမရှိစေရန်လည်းကောင်း လိုင်စင်ခများကို လျှော့ပေါ့၍ ပြင်ဆင်သတ်မှတ်နိုင်သည် -

(က) ဆား၊အိုင်အိုဒင်းဆား အပါအဝင်ဆားထွက်ပစ္စည်းကို လျာထားသတ်မှတ်ချက်ထက် ကျော်လွန်ထုတ်လုပ် နိုင်ခြင်း၊

(ခ) ဆား၊ အိုင်အိုဒင်းဆားအပါအဝင်ဆားထွက်ပစ္စည်း ထုတ်လုပ်သည့်နေရာသည် ပင်လယ်နှင့် ဝေးကွာသည့် ဒေသဖြစ်ခြင်း၊

(ဂ) ဆား၊ အိုင်အိုဒင်းဆား အပါအဝင် ဆားထွက်ပစ္စည်း ထုတ်လုပ်ရာတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးနစ်နာမှုများ အမှန်တကယ် ပေါ်ပေါက်ခြင်း။

၂၈။ တိုင်းဒေသကြီးမန်နေဂျာသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် အောက်ပါတို့ကို အခါ အားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည် -

(က) လိုင်စင်ခ၊

(ခ) လိုင်စင်အသစ် လဲလှယ်ကြေး၊

(ဂ) ရက်လွန်ကြေး။

၂၉။ တိုင်းဒေသကြီးမန်နေဂျာသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် နည်းဥပဒေ ၂၅၊ ၂၆၊ ၂၇၊ ၂၈ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ရမည်။

## အခန်း (၆)

## စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၃၀။ တိုင်းဒေသကြီးမန်နေဂျာသည် ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ူ) ပါစစ်ဆေးရေးအဖွဲ့ကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၃၁။ စစ်ဆေးရေးအဖွဲ့သည် ဆား၊ အိုင်အိုဒင်းဆား အပါအဝင် ဆားထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခြင်း လုပ်ငန်းတို့နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) လိုင်စင်လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ကိုက်ညီမှု ရှိမရှိ စစ်ဆေးခြင်း၊

(ခ) လုပ်ကိုင်ခွင့်ပြုသည့် ဆားထုတ်မြေဧရိယာအတိုင်း လုပ်ကိုင်ခြင်းရှိ မရှိ စစ်ဆေးခြင်း၊

(ဂ ) ထုတ်လုပ်ရမည့်ဆား၊ အိုင်အိုဒင်းဆား အပါအဝင် ဆားထွက်ပစ္စည်း ပမာဏအတိုင်း ထုတ်လုပ်နိုင်ခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ဃ) ထုတ်လုပ်သည့် ဆား၊ အိုင်အိုဒင်းဆား အပါအဝင် ဆားထွက်ပစ္စည်းများကို စနစ်တကျ သိုလှောင်ထားခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(င ) မြန်မာ့ဆားလုပ်ငန်းက ညွှန်ကြားသည့်အတိုင်း ထုတ်လုပ်မှုဆိုင်ရာ စာရင်းဇယားများ ထားရှိခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(စ ) လိုင်စင်ရရှိသူကိုယ်တိုင် လုပ်ငန်းလုပ်ကိုင်ခြင်းမပြုဘဲအခြားသူက လုပ်ကိုင်နေလျှင် တိုင်းဒေသကြီး မန်နေဂျာ၏ ခွင့်ပြုမိန့်ရှိမရှိ စစ်ဆေးခြင်း၊

(ဆ) ဆားထုတ်မြေအတွင်း ဆားထုတ်လုပ်ခြင်း လုပ်ငန်းအပြင် အခြားလုပ်ငန်းများ လုပ်ကိုင်နေခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ဇ ) ဆားထုတ်မြေအတွင်း ဆားထုတ်လုပ်ခြင်း လုပ်ငန်းအပြင် အခြားလုပ်ငန်းလုပ်ကိုင်နေပါက ဆား ထုတ်လုပ်မှုလျော့ထားချက်ကို ထိခိုက်နိုင်ခြင်း ရှိမရှိ စိစစ်တင်ပြခြင်း၊

(ဈ ) ထုတ်လုပ်သည့် ဆား၊ အိုင်အိုဒင်းဆား အပါအဝင် ဆားထွက်ပစ္စည်းသည် သတ်မှတ်ထားသည့် အရည် အသွေးအဆင့် မီမမီ ဓါတ်ခွဲစစ်ဆေးနိုင်ရန် နမူနာရယူတင်ပြ ခြင်းနှင့် လိုအပ်ပါက ဓါတ်ခွဲ စစ်ဆေးခြင်း၊

(ည) တိုးချဲ့လုပ်ကိုင်နိုင်မည့် ဆားထုတ်မြေရှိ မရှိကို စစ်ဆေးခြင်းနှင့် တိုးချဲ့လုပ်ကိုင်နိုင်မည့် ဧရိယာကို စိစစ် တင်ပြခြင်း။

၃၂။ စစ်ဆေးရေးအဖွဲ့သည် ဆား၊အိုင်အိုဒင်းဆား အပါအဝင် ဆားထွက်ပစ္စည်းနှင့် စပ်လျဉ်း၍ သတ်မှတ်သည့်အရည် အသွေး ပြည့်မီခြင်းရှိမရှိ သိရှိနိုင်ရေးအတွက် အောက်ပါ တို့ကို ဆောင်ရွက်နိုင်သည် -

(က) သိုလှောင်သည့် အဆောက်အဦအတွင်းသို့ ဝင်ရောက်စစ်ဆေးခြင်း၊

(ခ ) သယ်ဆောင်သည့်ယာဉ်ကို ရပ်တန့်စစ်ဆေးခြင်း။

၃၃။ စစ်ဆေးရေးအဖွဲ့သည် တာဝန်ဝတ္တရားများဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

## အခန်း (၇)

## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူဆောင်ရွက်ခြင်း

၃၄။ စစ်ဆေးရေးအဖွဲ့သည် အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိလျှင် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အတွက် တိုင်းဒေသကြီး မန်နေဂျာထံ တင်ပြရမည် -

(က) လိုင်စင်မရှိဘဲ ဆား၊ အိုင်အိုဒင်းဆား အပါအဝင် ဆားထွက်ပစ္စည်းကို စီးပွားဖြစ်ထုတ်လုပ်ခြင်း၊

(ခ ) လိုင်စင်ရရှိသူက ထင်း သို့မဟုတ် မီးသွေးဖြင့် ဆားထုတ်လုပ်ခြင်း၊

(ဂ ) လိုင်စင်ရရှိသူက လိုင်စင်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဃ) လိုင်စင်ရရှိသူက မြန်မာ့ဆားလုပ်ငန်းက ထုတ်ပြန်ထားသည့် ဆားထုတ်လုပ်မှုဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်ခြင်း။

၃၅။ စစ်ဆေးရေးအဖွဲ့သည် နည်းဥပဒေ ၃၄ အရ တင်ပြရာတွင် စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထား မှတ်ချက်များနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများကိုပါ ပူးတွဲတင်ပြရမည် -

(က) စွပ်စွဲခံရသူနှင့် သက်သေများ၏ ထွက်ဆိုချက်၊
(ခ) လိုအပ်ပါက ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းနှင့် သက်ဆိုင်သမျှထင်ရှားစေမည့် မှတ်တမ်းဓါတ်ပုံ၊ အခြားစာရွက် စာတမ်းအထောက်အထားများ၊
(ဂ) ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ထပ်မံဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်ပါက ယခင် ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း အထောက်အထား။

၃၆။ လိုင်စင်မရှိဘဲ ဆား၊ အိုင်အိုဒင်းဆား အပါအဝင် ဆားထွက်ပစ္စည်းကို စီးပွားဖြစ် ထုတ်လုပ်ကြောင်း စစ်ဆေး တွေ့ရှိက စစ်ဆေးရေးအဖွဲ့သည် ယင်းသို့ ထုတ်လုပ်သူကို အရေးယူရန် တွေ့ရှိချက်များအပေါ် အစီရင်ခံစာ ရေးသားပြုစု၍ တိုင်းဒေသကြီးမန်နေဂျာထံတင်ပြရမည်။

၃၇။ တိုင်းဒေသကြီးမန်နေဂျာသည် စစ်ဆေးရေးအဖွဲ့က တင်ပြလာသော အစီရင်ခံစာအရ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးတပ်ရိုက်သည့်အမိန့်ကို ချမှတ်ရမည်။ ထို့ပြင် တင်ပြထားသော သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့်ချမှတ်ရမည်။

၃၈။ တိုင်းဒေသကြီး မန်နေဂျာသည် ဖောက်ဖျက်ကျူးလွန်သူကို ဆင့်ခေါ်၍ တပ်ရိုက် ထားသော ဒဏ်ကြေးငွေကို ပေးဆောင်စေရန် ညွှန်ကြားရမည်။

၃၉။ တိုင်းဒေသကြီး မန်နေဂျာသည် ဒဏ်ကြေးငွေကို လက်ခံရရှိလျှင် ဌာနဆိုင်ရာ ငွေစာရင်းသို့ပေးသွင်းရမည်။

## အခန်း (၈)

## အယူခံခြင်း

၄၀။ တိုင်းဒေသကြီးမန်နေဂျာက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း (၃၀)အတွင်း ဥပဒေပုဒ်မ ၂၀ နှင့်အညီ ဝန်ကြီးထံ အယူခံနိုင်သည်။

၄၁။ တိုင်းဒေသကြီးမန်နေဂျာက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံရာတွင် မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် မိတ္တူမှန်ကူးယူရာတွင် ကြန့်ကြာသည့်ကာလကို အယူခံခွင့်ပြု ထားသောကာလတွင် ထည့်သွင်းရေတွက်ခြင်း မပြုရ။

၄၂။ အယူခံသူသည် အယူခံလွှာကို မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် မိတ္တူမှန်နှင့်အတူ ဝန်ကြီးထံသို့ တင်ပြရမည်။ စာတိုက်မှတဆင့် မှတ်ပုံတင်၍ ပေးပို့ခြင်း ဖြစ်လျှင် ယင်းသို့ မှတ်ပုံတင်ပေးပို့သည့်နေ့ကို အယူခံလွှာတင်သွင်းသည့် နေ့အဖြစ် သတ်မှတ်ရမည်။

## အခန်း (၉)

## အထွေထွေ

၄၃။ ဝန်ကြီးသည် အစိုးရဌာနတစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်အား ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် လိုင်စင်ခ သက်သာခွင့်ပြုခြင်းကို ကိစ္စရပ် တစ်ခုခြင်းအလိုက် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဆောင်ရွက်နိုင်သည်။

၄၄။ ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းသည် ဆား၊ အိုင်အိုဒင်းဆား အပါအဝင် ဆားထွက်ပစ္စည်းကို အရည်အသွေးမီစွာ ထုတ်လုပ်နိုင်ရေးနှင့် ထွက်နှုန်းတိုးတက်ကောင်းမွန် စေမည့် နည်းလမ်းများရရှိရေးအတွက် နည်းပညာကို လိုင်စင်ရရှိသူများအား ဖြန့်ဖြူးပေးနိုင်ရန် သုတေသန လုပ်ငန်းများကို ဆောင်ရွက်ရမည်။

၄၅။ ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းသည် ဆား၊ အိုင်အိုဒင်းဆား အပါအဝင် ဆားထွက်ပစ္စည်း ထုတ်လုပ်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ပြည်တွင်းပုဂ္ဂိုလ် သို့မဟုတ် ပြည်တွင်းအဖွဲ့အစည်း တစ်ရပ်ရပ်နှင့် ဖက်စပ်လုပ်ကိုင်ခြင်း၊

(ခ) ပြည်ပပုဂ္ဂိုလ် သို့မဟုတ် ပြည်ပအဖွဲ့အစည်း တစ်ရပ်ရပ်နှင့် ဖက်စပ်လုပ်ကိုင်ခြင်း။

၄၆။ ပြည်ပပုဂ္ဂိုလ် သို့မဟုတ် ပြည်ပအဖွဲ့အစည်းသည် ဆား၊ အိုင်အိုဒင်းဆား အပါအဝင် ဆားထွက်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်း လုပ်ကိုင်လိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်ရမည်။

၄၇။ ဧရာဝတီတိုင်းဒေသကြီးမြန်မာ့ဆားလုပ်ငန်းက ရရန်ရှိသော လိုင်စင်ခ၊ လိုင်စင်အသစ်လဲလှယ်ကြေး၊ ရက်လွန်ကြေးနှင့် ဒဏ်ကြေးငွေတို့ကို အရကောက်ခံရာတွင် ဝန်ကြီးက ဤကိစ္စအလို့ငှာ တာဝန် ပေးအပ်သော တိုင်းဒေသကြီး မန်နေဂျာသည် တည်ဆဲဥပဒေအရ ကော်လိပ်တော်အရာရှိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

စိုးမြင့်
ဝန်ကြီး
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်
သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန

ပုံစံ (၁)

**ဆားထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာ**

(နည်းဥပဒေ ၅)

သို

တိုင်းဒေသကြီးမန်နေဂျာ

မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း

ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ဧရာဝတီတိုင်းဒေသကြီး

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။**ဆားထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ဆားထုတ်လုပ်ခွင့်လိုင်စင်ကို အောက်ပါအချက်အလက်များဖော်ပြပြီး လျှောက်ထားအပ်ပါသည် -

(က) အမည်---------------------------------------------------------------------------------

(ခ ) အဖွဲ့အစည်းအမည်----------------------------------------------------------------------

(ဂ ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား(တစ်ဦးတည်း/အစုစပ်/ကုမ္ပဏီပိုင်)----------------------------

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင်အမှတ်---------------------------------------

(င ) အသက် -----------------------------(စ ) မွေးနေ့သက္ကရာဇ်-------------------------------

(ဆ) အဖအမည်-----------------------------------------------------------------------------

(ဇ ) လူမျိုး--------------------------------- (ဈ) ကိုးကွယ်သည့်ဘာသာ--------------------------

(ည) နေရပ်လိပ်စာ-------------------------------------------------------------------------

(ဋ ) ထုတ်လုပ်လိုသည့် ဆားအမျိုးအစား-------------------------------------------------------

(ဌ ) ခုနှစ်တွင် ထုတ်လုပ်မည့်ပမာဏ------------------------------------ ပိဿာ/တန်

(ဍ ) ထုတ်လုပ်မည့် ဧရိယာ (၁) လှန်းကွင်း-------------------ဧက

(၂) ကြိုးကွင်း-------------------ဧက

(၃) စုစုပေါင်း-------------------ဧက

(ပ) ထုတ်လုပ်မည့် နေရာ (၁)-------------------------------------------------------------

(ဏ) ကွင်းဟောင်း (သို့မဟုတ်) ကွင်းသစ် (၁) ကွင်းအမှတ်----------------------------

(၂) ကွင်းအမည်----------------------------

(တ) သိုလှောင်ရုံအရေအတွက်နှင့် သိုလှောင်မည့်ပမာဏ------------------------------------------

(ထ) ယခင်နှစ် ထုတ်လုပ်ခဲ့သည့် ပမာဏ-------------------------------------------ပိဿာ/တန်

(ဒ ) စတင်ထုတ်လုပ်ခဲ့သည့်နှစ်၊ ယခင်နှစ်လိုင်စင်အမှတ်------------------------------------------

(ခ ) လုပ်သားအင်အား (၁) ကြီးကြပ်သူ------------------------ဦး

(၂) ဆားရည်ကိုင်----------------------ဦး

(၃) ကွင်းလုပ်သား---------------------ဦး

(၄) အခြားလုပ်သား--------------------ဦး

(ဂ ) တစ်ဧကထွက်နိုင်မည့် ပမာဏ (ခန့်မှန်း)-------------------------ပိဿာ/တန်

(ဃ ) တစ်ပိဿာ/တစ်တန် ထုတ်လုပ်မှုကုန်ကျစရိတ်(ခန့်မှန်း)-----------------------------ကျပ်/ပြား

(င ) လိုင်စင်လျှောက်ထားလိုသည့် ကာလ----------------------မှ---------------------------ထိ

၂။ လျှောက်လွှာပါဆားထုတ်လုပ်မည့် မြေအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြပါသည်။

၃။ ဆားထုတ်လုပ်မည့်မြေ၏ ကွင်းမြေပုံကို ပူးတွဲတင်ပြပါသည်။

၄။ ထုတ်လုပ်မည့်မြေနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း (သို့မဟုတ်)လုပ်ကိုင်ခွင့်ရှိကြောင်း အထောက်အထားကို ပူးတွဲတင်ပြပါသည်။

၅။ လိုင်စင်ခပေးဆောင်သည့်ပြေစာ ပူးတွဲတင်ပြပါသည်။

၆။ လိုင်စင်လျှောက်ထားသည့်နေ့တွင် ဆားလက်ကျန်အရေအတွက်-------------------------ပိဿာ/တန်

၇။ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းက ဆားထုတ်လုပ်ခွင့် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်၊ --------------------------------

လျှောက်ထားသူအမည်---------------------

ပုံစံ (၂)

## အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာ

(နည်းဥပဒေ ၅)

သို

တိုင်းဒေသကြီးမန်နေဂျာ

မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း

ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ဧရာဝတီတိုင်းဒေသကြီး

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။**အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လိုင်စင်ကို အောက်ပါအချက်အလက် များဖော်ပြပြီး လျှောက်ထားအပ်ပါသည် -

(က) အမည်-------------------------------------------------------------------------------

(ခ ) အဖွဲ့အစည်းအမည်--------------------------------------------------------------------

(ဂ ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား(တစ်ဦးတည်း/အစုစပ်/ကုမ္ပဏီပိုင်)-----------------------------

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင်အမှတ်-----------------------------------------

(င ) အသက် ------------------------------(စ ) မွေးနေ့သက္ကရာဇ်---------------------------------

(ဆ) အဖအမည်--------------------------------------------------------------------------

(ဇ ) လူမျိုး-------------------------------- (ဈ) ကိုးကွယ်သည့်ဘာသာ--------------------------

(ည) နေရပ်လိပ်စာ----------------------------------------------------------------------

(ဋ ) ထုတ်လုပ်မည့်နည်းစနစ်------------------------------------------------------------------

(ဌ ) ထုတ်လုပ်မည့် အိုင်အိုဒင်းဆားအမျိုးအစား------------------------------------------------

(ဍ ) ခုနှစ်တွင် ထုတ်လုပ်မည့်ပမာဏ-------------------------------------- ပိဿာ/တန်

(ဎ ) ယခင်နှစ်လိုင်စင်အမှတ်-----------------------------------------------------------------

(ဏ) ထုတ်လုပ်မည့်နေရာ------------------------------------------------------------------

(တ) ယခင်နှစ် ထုတ်လုပ်ခဲ့သည့် ပမာဏ----------------------------------------------ပိဿာ/တန်

(ထ) စတင်ထုတ်လုပ်ခဲ့သည့်ခုနှစ်--------------------------------------------------------------

(ဒ ) တစ်ပိဿာ/တစ်တန်ထုတ်လုပ်မှု ကုန်ကျစရိတ်----------------------------------------------

(ဓ ) ယခင်နှစ်အသုံးပြုခဲ့သည့် KIO3----------------------------------------------ပိဿာ/တန်

(န ) ယခုနှစ်တွင် အသုံးပြုမည့်KIO3-----------------------------------------------ပိဿာ/တန်

(ပ ) လိုင်စင်လျှောက်ထားလိုသည့် ကာလ --------------------------မှ ----------------------ထိ

၂။ လျှောက်လွှာပါအိုင်အိုဒင်းဆားထုတ်လုပ်မည့်လုပ်ငန်းအတွက်သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြအပ်ပါသည်။

၃။ အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်ပြုထားသည့်မြေ/နေရာ၏ မြေပုံကို ပူးတွဲတင်ပြပါသည်။

၄။ ထုတ်လုပ်မည့်လုပ်ငန်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း (သို့မဟုတ်)လုပ်ကိုင်ခွင့်ရှိကြောင်း အထောက်အထားကို ပူးတွဲတင်ပြအပ်ပါသည်။

၅။ လိုင်စင်ပေးဆောင်သည့်ပြေစာ ပူးတွဲတင်ပြပါသည်။

၆။ လိုင်စင်လျှောက်ထားသည့်နေ့တွင် လက်ကျန်အိုင်အိုင်ဒင်းဆားအရေအတွက်မှာအောက်ပါ အတိုင်းဖြစ်ပါသည်-

(က)------------------------------------------------------------------------------ပိဿာ/တန်

၇။ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းက အိုင်အိုဒင်းဆား ထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးပါက လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်၊ --------------------------------

လျှောက်ထားသူအမည်---------------------

## ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာ

(နည်းဥပဒေ ၅)

သို့

တိုင်းဒေသကြီးမန်နေဂျာ
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း
ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
ဧရာဝတီတိုင်းဒေသကြီး

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။**ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်ကို အောက်ပါအချက်အလက် များဖော်ပြပြီး လျှောက်ထားအပ်ပါသည် -

(က) အမည်------------------------------------------------------------------------------------------
(ခ ) အဖွဲ့အစည်းအမည်----------------------------------------------------------------------------
(ဂ ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား(တစ်ဦးတည်း/အစုစပ်/ကုမ္ပဏီပိုင်)-------------------------------
(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင်အမှတ်-------------------------------------------
(င ) အသက် ------------------------------(စ ) မွေးနေ့သက္ကရာဇ်---------------------------------
(ဆ) အဖအမည်---------------------------------------------------------------------------------------
(ဇ ) လူမျိုး-------------------------------- (ဈ) ကိုးကွယ်သည့်ဘာသာ---------------------------
(ည) နေရပ်လိပ်စာ-----------------------------------------------------------------------------------
(ဋ ) ထုတ်လုပ်လိုသည့် ဆားထွက်ပစ္စည်းအမျိုးအစား (က) ---------------------------------------
(ခ )---------------------------------------
(ဂ )---------------------------------------
(ဌ ) ခုနှစ်တွင် ထုတ်လုပ်မည့် (က)-------------------------- ပိဿာ/တန်
(ခ )-------------------------- ပိဿာ/တန်
(ဂ )-------------------------- ပိဿာ/တန်
(ဍ ) ထုတ်လုပ်မည့် နေရာ-----------------------------------------------------------------------
(ဎ) ထုတ်လုပ်မည့် ဧရိယာ----------------------------------------------------------------ဧက
(ဏ) အသုံးပြုမည့်ကုန်ကြမ်း (၁) **အမျိုးအစား** (၂) **အရေအတွက်**
(កក) ------------------- (កក)--------------------------
(ခခ ) ------------------- (ခခ )--------------------------
(ဂဂ ) ------------------- (ဂဂ )--------------------------

| | | **အကြောင်းအရာ** | **အရွယ်အစား** | **အရေအတွက်** |
|---|---|---|---|---|
| (တ) အသုံးပြုမည့် လုပ်ငန်းသုံးပစ္စည်းများ | | (၁)----------------- | (၁)------------------ | (၁)------------------- |
| | | (၂)----------------- | (၂)------------------ | (၂)------------------- |
| | | (၃)----------------- | (၃)------------------ | (၃)------------------- |
| | | (၄)----------------- | (၄)------------------ | (၄)------------------- |
| | | (၅)----------------- | (၅)------------------ | (၅)------------------- |

(ထ) သိုလှောင်ရုံအရေအတွက်၊ အရွယ်အစား--------------------------------------------------

(ဒ ) သိုလှောင်နိုင်သည့်ပမာဏ--------------------------------------------------------------

(ဓ ) စတင်ထုတ်လုပ်ခဲ့သည့်နှစ်၊ ယခင်နှစ်လိုင်စင်အမှတ်------------------------------------------

(န ) ယခင်နှစ်ထုတ်လုပ်ခဲ့သည့် ပမာဏ------------------------------------------------ပိဿာ/တန်

(ပ ) လုပ်သားအင်အား (၁) ကြီးကြပ်သူ-------------------------ဦး

(၂) ကျွမ်းကျင်လုပ်သား----------------ဦး

(၃) သာမန်လုပ်သား-------------------ဦး

(၄) အခြားလုပ်သား--------------------ဦး

(ဖ ) တစ်လထွက်နှုန်း------------------------------------------------------------ပိဿာ/တန်

(ဗ ) တစ်ပိဿာ/တစ်တန် ထုတ်လုပ်မှုကုန်ကျစရိတ်(ခန့်မှန်း)------------------------------ကျပ်/ပြား

(ဘ ) လိုင်စင်လျှောက်ထားလိုသည့် ကာလ----------------------မှ----------------------------ထိ

၂။ လျှောက်လွှာပါဆားထွက်ပစ္စည်းထုတ်လုပ်မည့်မြေအတွက်သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြအပ်ပါသည်။

၃။ ဆားထွက်ပစ္စည်းထုတ်လုပ်မည့်မြေ/စက်ရုံ၏ ပုံကို ပူးတွဲတင်ပြပါသည်။

၄။ ဆားထွက်ပစ္စည်းထုတ်လုပ်မည့်လုပ်ငန်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း (သို့မဟုတ်)လုပ်ကိုင်ခွင့်ရှိကြောင်း အထောက် အထားကို ပူးတွဲတင်ပြအပ်ပါသည်။

၅။ လိုင်စင်လျှောက်ထားသည့်နေ့တွင် မိမိလုပ်ငန်းရှိ ဆားထွက်ပစ္စည်းလက်ကျန်အရေအတွက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

| ဆားထွက်ပစ္စည်း အမျိုးအစား | အရေအတွက် |
|---|---|
| (က)------------------------------- | --------------------------------ပိဿာ/တန် |
| (ခ )------------------------------- | --------------------------------ပိဿာ/တန် |
| (ဂ )------------------------------- | --------------------------------ပိဿာ/တန် |

၆။ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းက ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးပါက လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်၊ --------------------------------

လျှောက်ထားသူအမည်---------------------

**ဆားထုတ်လုပ်ခွင့်လိုင်စင်**

(နည်းဥပဒေ ၁၂)

**ရခိုင်ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့**
**သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန**
**မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**
**ဆားထုတ်လုပ်ခွင့်လိုင်စင်**

လိုင်စင်အမှတ်-------------------------------

ရက်စွဲ--------------------------------------

၁။ သစ်တော/သတ္တုဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်း သည် ဆားလုပ်ငန်းဥပဒေဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၂ အရ အောက်အမည်ပါ လုပ်ငန်းရှင်အား ဆားထုတ်လုပ်ခွင့်လိုင်စင်ကို ထုတ်ပေးလိုက်သည်။

(က) အမည်---------------------------------------------------------------------------------

(ခ) အသက်--------------------------------------------------------------------------------

(ဂ) အဖအမည်------------------------------------------------------------------------------

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသား မှတ်ပုံတင်အမှတ်--------------------------------------
-----------------------------------------------------------------------------------------

(င) နေရပ်လိပ်စာ--------------------------------------------------------------------------
-----------------------------------------------------------------------------------------

(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားအမျိုးအစား---------------------------------------------------

(ဆ) ထုတ်လုပ်ခွင့်ပြုသည့် ဒေသ-------------------------------------------------------------

(ဇ) ထုတ်လုပ်ခွင့်ပြုသည့် နေရာ/ကွင်းအမှတ်-------------------------------------------------

(ဈ) ထုတ်လုပ်ခွင့်ပြုသည့် ဧရိယာ----------------------------------------------------------ဧက

(ည) ထုတ်လုပ်ခွင့်ပြုသည့် ပမာဏ-------------------------------------------------ပိဿာ/တန်

(ဋ) တစ်ဧက ဆားထုတ်နှုန်း --------------------------------------------------ပိဿာ/တန်

(ဌ) သိုလှောင်ရုံ (၁) <u>အရေအတွက်</u> (၂) <u>သိုလှောင်နိုင်သည့်ပမာဏ</u>
(ကက)------------------------(ကက)--------------------------------
(ခခ)------------------------(ခခ)--------------------------------

(ဍ) လိုင်စင်သက်တမ်း ( )နှစ် -------------------------မှ--------------------------------ထိ

၂။ လိုင်စင်ရရှိသူသည် ဆားလုပ်ငန်းဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်နှင့် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

တိုင်းဒေသကြီးမန်နေဂျာ

# စည်းကမ်းချက်များ

၁။ ဤလိုင်စင်ကို မိမိလုပ်ငန်းတည်ရှိရာ နေရာဒေသတွင် အစဉ်အမြဲသိမ်းဆည်းထားရန် ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ စစ်ဆေးသောအခါ ပြသရမည်။

၂။ တည်ဆဲဥပဒေအရ မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်ထားသော အခွန်အခနှင့် ရက်လွန် ကြေးများကို ပေးဆောင်ရမည်။

၃။ ထုတ်လုပ်သော ဆားများနှင့် စပ်လျဉ်းသည့် စာရင်းများ ထားရှိရမည်။

၄။ မိမိလုပ်ငန်းမှ အမှန်တကယ်ထုတ်လုပ်သည့် ဆားထွက် ပမာဏစာရင်းကို ရာသီကုန်ဆုံး၍ လုပ်ငန်းပြီးစီးပါက နောက်ရက်သတ္တတစ်ပတ်အတွင်း မြန်မာ့ဆားလုပ်ငန်းသို့ တင်ပြရမည်။

၅။ အရည်အသွေးမီ ဆားကောင်းဆားသန့်များကိုသာ ထုတ်လုပ်ရမည်။

၆။ ထုတ်လုပ်သော ဆားများ၏ အရည်အသွေးကို လိုအပ်၍ ဓာတ်ခွဲစစ်ဆေးပါက ကျသင့်သော ဓါတ်ခွဲခများကို မြန်မာ့ဆားလုပ်ငန်းသို့ ပေးသွင်းရမည်။

၇။ ဤလိုင်စင်ကို မသက်ဆိုင်သူအား လွှဲအပ်ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းမပြုရ။

၈။ မြန်မာ့ဆားလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ဆားထုတ်လုပ်ခွင့်ကို လွှဲပြောင်းပေးခြင်းမပြုရ။

ပုံစံ (၅)

# အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လိုင်စင်

(နည်းဥပဒေ ၁၂)

**ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့**

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန**

**မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

**အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လိုင်စင်**

**( ဆားကြမ်း/ ဆားချော )**

လိုင်စင်အမှတ်---------------------------

ရက်စွဲ-----------------------------------

၁။ သစ်တော/သတ္တုဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်းသည် ဆားလုပ်ငန်းဥပဒေဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၂ အရ အောက်အမည်ပါ လုပ်ငန်းရှင်အား အိုင်အိုဒင်းဆားထုတ်လုပ် ခွင့်လိုင်စင်ကို ထုတ်ပေးလိုက်သည်။

(က) အမည်--------------------------------------------------------------------------------

(ခ) အသက်------------------------------------------------------------------------------

(ဂ) အဖအမည်---------------------------------------------------------------------------

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသား မှတ်ပုံတင်အမှတ်-------------------------------------
--------------------------------------------------------------------------------------------

(င) နေရပ်လိပ်စာ----------------------------------------------------------------------
--------------------------------------------------------------------------------------------

(စ) ထုတ်လုပ်ခွင့်ပြုသည့် အိုင်အိုဒင်းဆားအမျိုးအစား (၁)----------------(၂)------------------

(ဆ) ထုတ်လုပ်ခွင့်ပြုသည့် ဒေသ-------------------------------------------------------------

(ဇ) ထုတ်လုပ်ခွင့်ပြုသည့် နေရာ/ကွင်းအမှတ်----------------------------------------------

(ဈ) ထုတ်လုပ်ခွင့်ပြုသည့် ပမာဏ------------------------------------------------ပိဿာ/တန်

(ည) အသုံးပြုသည့် $KIO_3$-------------------------------------------------ပိဿာ/တန်

(ဋ) သိုလှောင်ရုံ (၁) အရေအတွက် (၂) သိုလှောင်နိုင်သည့်ပမာဏ

(ကက)-----------------------(ကက)--------------------------------

(ခ ခ)-----------------------( ခ ခ)-------------------------------

(ဌ) လိုင်စင်သက်တမ်း ( )နှစ် ------------------------မှ-------------------------------ထိ

၂။ လိုင်စင်ရရှိသူသည် ဆားလုပ်ငန်းဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်နှင့် လိုင်စင်ပါ စည်းကမ်း ချက်များကို လိုက်နာဆောင်ရွက်ရမည်။

တိုင်းဒေသကြီးမန်နေဂျာ

# စည်းကမ်းချက်များ

၁။ ဤလိုင်စင်ကို မိမိလုပ်ငန်းတည်ရှိရာ နေရာဒေသတွင် အစဉ်အမြဲသိမ်းဆည်းထားရန် ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ စစ်ဆေးသောအခါ ပြသရမည်။

၂။ တည်ဆဲဥပဒေအရ မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်ထားသော အခွန်အခနှင့် ရက်လွန် ကြေးများကို ပေးဆောင်ရမည်။

၃။ ထုတ်လုပ်သော အိုင်အိုဒင်းဆားများနှင့် စပ်လျဉ်းသည့် စာရင်းများ ထားရှိရမည်။

၄။ မိမိလုပ်ငန်းမှ အမှန်တကယ်ထုတ်လုပ်သည့် အိုင်အိုဒင်းဆားပမာဏစာရင်းကို ဘဏ္ဍာရေးနှစ်/ ရာသီကုန်ဆုံးပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း မြန်မာ့ဆားလုပ်ငန်းသို့ တင်ပြရမည်။

၅။ အရည်အသွေးမီ အိုင်အိုဒင်းဆားကိုသာ ထုတ်လုပ်ရမည်။

၆။ ထုတ်လုပ်သော အိုင်အိုဒင်းဆား၏ အရည်အသွေးကို လိုအပ်၍ ဓာတ်ခွဲစစ်ဆေးပါက ကျသင့်သော ဓါတ်ခွဲခများကို မြန်မာ့ဆားလုပ်ငန်းသို့ ပေးသွင်းရမည်။

၇။ ဤလိုင်စင်ကို မသက်ဆိုင်သူအား လွှဲအပ်ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းမပြုရ။

၈။ မြန်မာ့ဆားလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်ကို လွှဲပြောင်းပေးခြင်းမပြုရ။

ပုံစံ (၆)

**ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်**

(နည်းဥပဒေ ၁၂)

**ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့**

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန**

**မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

**ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်**

လိုင်စင်အမှတ်---------------------------

ရက်စွဲ-----------------------------------

၁။ သစ်တော/သတ္တုဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်းသည် ဆားလုပ်ငန်းဥပဒေဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၂ အရ အောက်အမည်ပါ လုပ်ငန်းရှင်အား ဆားထွက်ပစ္စည်းထုတ်လုပ် ခွင့်လိုင်စင်ကို ထုတ်ပေးလိုက်သည်။

(က) အမည်---------------------------------------------------------------------------------

(ခ) အသက်-------------------------------------------------------------------------------

(ဂ) အဖအမည်----------------------------------------------------------------------------

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသား မှတ်ပုံတင်အမှတ်--------------------------------------
-------------------------------------------------------------------------------------------

(င) နေရပ်လိပ်စာ-------------------------------------------------------------------------
-------------------------------------------------------------------------------------------

(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားထွက်ပစ္စည်း ----------------------------------------------------

(ဆ) ထုတ်လုပ်ခွင့်ပြုသည့် ဒေသ------------------------------------------------------------

(ဇ) ထုတ်လုပ်ခွင့်ပြုသည့် နေရာ/ကွင်းအမှတ်-----------------------------------------------

(ဈ) ထုတ်လုပ်ခွင့်ပြုသည့် ဧရိယာ-----------------------------------------------------------ဧက

(ည) ခွင့်ပြုသည့်ဒယ် (၁) အမျိုးအစား (၂) အရွယ်အစား (၃) အရေအတွက်
(ကက) ------------(ကက)----------------(ကက)-------------------
(ခခ ) -------------(ခခ )----------------(ခခ )-------------------
(ဂဂ ) ------------(ဂဂ )----------------(ဂဂ )-------------------

(ဋ) ထွက်နှုန်း ---------------------------------------------------------------ပိဿာ/တန်

(ဌ) ထုတ်လုပ်ခွင့်ပြုသည့်ပမာဏ--------------------------------------------------ပိဿ/တန်

(ဍ) သိုလှောင်ရုံ (၁) <u>အရေအတွက်</u> (၂) <u>သိုလှောင်နိုင်သည့်ပမာဏ</u>
(ကက)-----------------------(ကက)-----------------------------
(ခ ခ )-----------------------( ခ ခ)-----------------------------

(ဎ) လိုင်စင်သက်တမ်း ( )နှစ် -----------------------မှ-----------------------------ထိ

၂။ လိုင်စင်ရရှိသူသည် ဆားလုပ်ငန်းဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်နှင့် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

တိုင်းဒေသကြီးမန်နေဂျာ

# စည်းကမ်းချက်များ

၁။ ဤလိုင်စင်ကို မိမိလုပ်ငန်းတည်ရှိရာ နေရာဒေသတွင် အစဉ်အမြဲသိမ်းဆည်းထားရန် ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ စစ်ဆေးသောအခါ ပြသရမည်။

၂။ တည်ဆဲဥပဒေအရ မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်ထားသော အခွန်အခနှင့် ရက်လွန် ကြေးများကို ပေးဆောင်ရမည်။

၃။ ထုတ်လုပ်သော ဆားထွက်ပစ္စည်းများနှင့် စပ်လျဉ်းသည့် စာရင်းများ ထားရှိရမည်။

၄။ မိမိလုပ်ငန်းမှ အမှန်တကယ်ထုတ်လုပ်သည့် ဆားထွက်ပစ္စည်းပမာဏစာရင်းကို ရာသီကုန်ဆုံး၍ လုပ်ငန်းပြီးစီးပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း မြန်မာ့ဆားလုပ်ငန်းသို့ တင်ပြရမည်။

၅။ အရည်အသွေးမီ ဆားထွက်ပစ္စည်းများကိုသာ ထုတ်လုပ်ရမည်။

၆။ ထုတ်လုပ်သော ဆားထွက်ပစ္စည်း၏ အရည်အသွေးကို လိုအပ်၍ ဓာတ်ခွဲစစ်ဆေးပါက ကျသင့်သော ဓါတ်ခွဲခများကို မြန်မာ့ဆားလုပ်ငန်းသို့ ပေးသွင်းရမည်။

၇။ ဤလိုင်စင်ကို မသက်ဆိုင်သူအား လွှဲအပ်ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းမပြုရ။

၈။ မြန်မာ့ဆားလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်ကို လွှဲပြောင်းပေးခြင်းမပြုရ။

ပုံစံ (၇)

## ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာ

(နည်းဥပဒေ ၁၇)

သို့

တိုင်းဒေသကြီးမန်နေဂျာ

မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း

ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ဧရာဝတီတိုင်းဒေသကြီး

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။**ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့်လိုင်စင်ကို အောက်ပါ အချက် အလက် များဖော်ပြပြီး လျှောက်ထားအပ်ပါသည် -

(က) အမည်-----------------------------------------------------------------------------------
(ခ) အဖွဲ့အစည်းအမည်-----------------------------------------------------------------------
(ဂ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား(တစ်ဦးတည်း/အစုစပ်/ကုမ္ပဏီပိုင်)--------------------------------
(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင်အမှတ်-----------------------------------------
(င) အသက် -----------------------------(စ) မွေးနေ့သက္ကရာဇ်-------------------------------
(ဆ) အဖအမည်-------------------------------------------------------------------------------
(ဇ) လူမျိုး------------------------------- (ဈ) ကိုးကွယ်သည့်ဘာသာ-------------------------
(ည) နေရပ်လိပ်စာ--------------------------------------------------------------------------
(ဋ) ကြိတ်စက်အမည်------------------------------------------------------------------------
(ဌ) လုပ်ငန်းတည်နေရာ----------------------------------------------------------------------
(ဍ) လုပ်ငန်းစတင်တည်ထောင်သည့်နှစ်/ယခင်နှစ်လိုင်စင်အမှတ်----------------------------------
(ဎ) ယခင်နှစ်အသုံးပြုခဲ့သောဆားကြမ်း ------------------------------------------ပိဿာ/တန်
(ဏ) -ခုနှစ်တွင် ထုတ်လုပ်မည့်ဆားကြမ်း---------------------------------- ပိဿာ/တန်
(တ) ယခင်နှစ်က ထုတ်လုပ်ခဲ့သော ဆားချော--------------------------------------ပိဿာ/တန်
(ထ) - ခုနှစ်တွင် ထုတ်လုပ်မည့်ဆားချော-----------------------------------ပိဿာ/တန်
(ဒ) ယခင်နှစ်ဆားကြမ်းမှ ဆားချောထုတ်လုပ်ရာတွင် လျော့နည်းမှု
(၁) အရေအတွက် -------------------------ပိဿာ/တန်
(၂) ရာခိုင်နှုန်း ----------------------------------------
(ဓ) ကြိတ်စက်
(၁) အရေအတွက်---------------------
(၂) အရွယ်အစား---------------------
(၃) အမျိုးအစား----------------------
(န) ကြိတ်စက်တွင်အသုံးပြုမည့် -
(၁) မော်တာ/အင်ဂျင်အရေအတွက်---------------------------------
(၂) မော်တာ/အင်ဂျင်မြင်းကောင်ရေ--------------------------------
(၃) မော်တာ/အင်ဂျင်အမျိုးအစား----------------------------------
(ပ) ဗဟိုခွဲစက်
(၁) အရေအတွက်---------------------
(၂) အရွယ်အစား---------------------
(၃) အမျိုးအစား----------------------

(ဖ ) ဗဟိုခွဲစက်တွင် အသုံးပြုမည့် -

(၁) မော်တာ/အင်ဂျင်အရေအတွက်---------------------------------

(၂) မော်တာ/အင်ဂျင်မြင်းကောင်ရေ---------------------------------

(၃) မော်တာ/အင်ဂျင်အမျိုးအစား-----------------------------------

(ဗ ) အခြားစက်များ

(၁) ရေစုပ်စက်အမျိုးအစားနှင့်အရေအတွက် --------------------------

(၂) မီးစက်အမျိုးအစားနှင့်အရေအတွက် -----------------------------

(၃) အခြား---------------------------------------------------------

(ဘ) ကြိတ်ခွဲသန့်စင်နိုင်သည့်အင်အား

(၁) ကြိတ်စက်/စက်များ၏ တစ်နာရီကြိတ်ခွဲနိုင်မည့်နှုန်း------------------------ပိဿာ/တန်

(၂) ဗဟိုခွဲစက်/စက်များ၏ တစ်နာရီခြောက်သွေ့နိုင်သည့်နှုန်း-------------------ပိဿာ/နှုန်း

(မ ) ထုတ်လုပ်မှုကုန်ကျစရိတ် (၁) တစ်ပိဿာ/တစ်တန်ကုန်ကျစရိတ်(ခန့်မှန်း)-------------ကျပ်/ပြား

(ယ) ဆားကြိတ်စက်ရုံအရွယ်အစား-----------------------------------------------------------

| (ရ ) သိုလှောင်ရုံ (၁) အရေအတွက် | (၂) အရွယ်အစား | (၃) သိုလှောင်နိုင်သည့်ပမာဏ |
|---|---|---|
| (ကက) ---------------- | (ကက)----------------- | (ကက)--------------------- |
| (ခခ ) ---------------- | (ခခ )----------------- | (ခခ )--------------------- |
| (ဂဂ ) ---------------- | (ဂဂ )----------------- | (ဂဂ )--------------------- |

(လ) ဆားရည်သန့်စင်ကန် (၁) အရေအတွက် -----------------(၂) အရွယ်အစား-----------

(ဝ ) လုပ်သားအင်အား

(၁) ကြီးကြပ်သူ-----------------------ဦး

(၂) ကျွမ်းကျင်လုပ်သား----------------ဦး

(၃) လုပ်သား------------------ဦး

(သ) လိုင်စင်လျှောက်ထားလိုသည့် ကာလ--------------------------မှ ----------------------ထိ

၂။ ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်မည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း (သို့မဟုတ်) လုပ်ကိုင်ခွင့်ရှိကြောင်း အထောက်အထားကို ပူးတွဲတင်ပြပါသည်။

၃။ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းက ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးပါက လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် -------------------------------------

လျှောက်ထားသူအမည် -------------------------

## ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့်လိုင်စင်

(နည်းဥပဒေ ၂၀)

**ရော်ဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့**
**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန**
**မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**
**ဆားကြိတ်ခွဲသန့်စင် ထုတ်လုပ်ခွင့်လိုင်စင်**

လိုင်စင်အမှတ်---------------------------

ရက်စွဲ-----------------------------------

၁။ သစ်တော/သတ္တုဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်းသည် ဆားလုပ်ငန်းဥပဒေဆိုင်ရာ နည်းဥပဒေပုဒ်မ ၂၀ အရ အောက်အမည်ပါ လုပ်ငန်းရှင်အား ဆားကြိတ်ခွဲသန့်စင် ထုတ်လုပ်ခွင့်လိုင်စင်ကို ထုတ်ပေးလိုက်သည်။

(က) အမည်----------------------------------------------------------------------------
(ခ) အသက်----------------------------------------------------------------------------
(ဂ) အဖအမည်--------------------------------------------------------------------------
(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသား မှတ်ပုံတင်အမှတ်----------------------------------------
---------------------------------------------------------------------------------------
(င) နေရပ်လိပ်စာ-----------------------------------------------------------------------
---------------------------------------------------------------------------------------
(စ) ထုတ်လုပ်ခွင့်ပြုသည့် ဒေသ---------- ----------------------------------------------------
(ဆ) ထုတ်လုပ်ခွင့်ပြုသည့် နေရာ---------------------------------------------------------
(ဇ) ခွင့်ပြုသည့် **ကြိတ်စက်** **ဗဟိုခွါစက်**
(၁) စက်အရေအတွက် ---------------------------------------------------------
(၂) စက်အမျိုးအစား ---------------------------------------------------------
(၃) စက်အရွယ်အစား ---------------------------------------------------------
(ဈ) ခွင့်ပြုသည့်
(၁) မော်တာ/အင်ဂျင်အရေအတွက်-----------------------------------------------------
(၂) မော်တာ/ အင်ဂျင်မြင်းကောင်ရေ-------------------------------------------------
(၃) မော်တာ/အင်ဂျင် အမျိုးအစား----------------------------------------------------
(ည) ခွင့်ပြုသည့် အခြားစက်
(၁) အရေအတွက် --------------------------------------------------------------------
(၂) အမျိုးအစား ---------------------------------------------------------------------
(၃) မြင်းကောင်ရေ -------------------------------------------------------------------
(ဋ) ဆားကြိတ်ခွဲသန့်စင်သည့်နှုန်း တစ်နာရီလျှင် ------------------------------------ပိဿာ
(ဌ) ဗဟိုခွါစက်ဖြင့် ဆားခြောက်သွေ့နှုန်းတစ်နာရီလျှင်-----------------------------ပိဿာ/တန်
(ဍ) ဆားသိုလှောင်ရုံ (၁)အရေအတွက်-------------- (၂)သိုလှောင်နိုင်သည့်ပမာဏ-----------
(ဎ) လိုင်စင်သက်တမ်း ( )နှစ်၊ ---------------------------မှ-------------------------------ထိ

၂။ လိုင်စင်ရရှိသူသည် ဆားလုပ်ငန်းဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်နှင့် လိုင်စင်ပါ စည်းကမ်း ချက်များကို လိုက်နာဆောင်ရွက်ရမည်။

တိုင်းဒေသကြီးမန်နေဂျာ

# စည်းကမ်းချက်များ

၁။ ဤလိုင်စင်ကို မိမိလုပ်ငန်းတည်ရှိရာ နေရာဒေသတွင် အစဉ်အမြဲသိမ်းဆည်းထားရန် ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ စစ်ဆေးသောအခါ ပြသရမည်။

၂။ တည်ဆဲဥပဒေအရ မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်ထားသော အခွန်အခနှင့် ရက်လွန် ကြေးများကို ပေးဆောင်ရမည်။

၃။ ထုတ်လုပ်သော ဆားချောနှင့်အသုံးပြုသည့်ဆားကြမ်းများနှင့် စပ်လျဉ်းသည့် စာရင်းများ ထားရှိရမည်။

၄။ မိမိလုပ်ငန်းမှ အမှန်တကယ်ထုတ်လုပ်သည့် ဆားချောပမာဏစာရင်းကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း မြန်မာ့ဆားလုပ်ငန်းသို့ တင်ပြရမည်။

၅။ အရည်အသွေးမီ ဆားချောများကိုသာ ထုတ်လုပ်ရမည်။

၆။ ထုတ်လုပ်သော ဆားချောများ၏ အရည်အသွေးကို လိုအပ်၍ ဓာတ်ခွဲစစ်ဆေးပါက ကျသင့်သော ဓါတ်ခွဲခများကို မြန်မာ့ဆားလုပ်ငန်းသို့ ပေးသွင်းရမည်။

၇။ ဤလိုင်စင်ကို မသက်ဆိုင်သူအား လွှဲအပ်ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းမပြုရ။

၈။ မြန်မာ့ဆားလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ဆားချောထုတ်လုပ်ခွင့်ကို လွှဲပြောင်းပေးခြင်းမပြုရ။